# (၂၂)နှစ်ပြည့် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်ပတ်လည်နေ့ ဂျပန်ရောက် မြန်မာဒီမိုကရေစီ အင်အားစုများ၏ သဘောထား ထုတ်ပြန်ချက်။

ရက်စွဲ။ ။ ၈.၈.၂၀၁၀

ကျောင်းသား၊ပြည်သူ၊ရဟန်းရှင်လူတို့ အသက်၊သွေး၊ချွေးနှင့်ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရ၊ ပေးဆပ်နေရဆဲဖြစ်သော ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်မှာ ယနေ့ (၂၂)နှစ် ပြည့်ခဲ့ပေပြီ။ သို့ပေသော်လည်း ပြည်သူများ မျှော်မှန်းတမ်းတခဲ့သော ဒီမိုကရေစီ နိုင်ငံတော်ကြီးကား ယနေ့ထက်တိုင် ရုပ်လုံးပေါ်မလာသေး။ လူထုကြီးသည် ရာစုနှစ်ထက်ဝက်နီးပါး စစ်အုပ်စု၏ ဥပဒေမဲ့ အကြမ်းဖက်မှုများ၊ မတရားဖမ်းဆီးချုပ်နှောင်မှုများ၊ လူ့အခွင့်အရေး ချိုးဖေါက်မှုများခံနေကြရပြီး၊ တိုင်းရင်းသားလူမျိုးစုများသည် လူမျိုးတုန်းသတ်ဖြတ်ခံရမှုများ၊ အုပ်စုလိုက်မဒိမ်းကျင့်ခံရမှုများ အပါအဝင် အခြားလူမဆန်သော ကြမ်းကြုတ်ရက်စက်မှုများကို နေ့စဉ်နှင့်အမျှခါးစည်း ခံနေကြရပြီး နိုင်ငံတော်ကြီးသည်လည်း စီးပွားရေးချွတ်ခြုံကျလျှက် ဒီမိုကရေစီ ဆိတ်သုဉ်းမှု အမှောင်မိုက်ကြီးထဲ သက်ရောက်နေဆဲ ဖြစ်ပေသည်။

ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီး၏ အသီးအပွင့်များဖြစ်သော ၁၉၉၀ ရွေးကောက်ပွဲ ရလာဒ်နှင့် ဒီမိုကရေစီ တပ်ဦးဖြစ်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် မဟာမိတ် တိုင်းရင်းသားလူမျိုးစုပါတီများကို မတရားပစ်ပယ်ပြီး၊ စစ်အာဏာရှင်စနစ်ကို ရာသက်ပန်တည်မြဲစေမယ့် ၂၀၀၈ ဖွဲ့စည်းပုံကိုအခြေခံတဲ့ ၂၀၁၀ ရွေးကောက်ပွဲအတုကို ကျင်းပဖို့ စစ်အုပ်စုက စိုင်းပြင်းနေပြီ ဖြစ်ပေသည်။

သဘာဝဓါတ်ငွေ့များအပါအဝင်၊ နိုင်ငံတော်၏ အဖိုးတန် သယံဇာတများ ရောင်းချရသည့်ငွေများကို နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုဖွံ့ဖြိုးရေး ကဏ္ဍ တွေမှာ အသုံးမပြုပဲ၊ မလိုအပ်သည့် စစ်အင်အားချဲ့ထွင်မှုနှင့် အနုမြူ လက်နက်ရယူနိုင်ရေးအတွက် စစ်အစိုးရက တလွဲသုံးနေခြင်းသည် နိုင်ငံတော်အား ဆင်းရဲတွင်းနက်ပြီး၊ ဒေသတွင်းအန္တရာယ် ဖန်တီးသူ အဖြစ်ရောက်အောင် တွန်းပို့နေခြင်း ဖြစ်ပေသည်။

ယင်းသို့ စစ်အုပ်စု၏ အဆင်အခြင်မဲ့ လုပ်ရပ်များသည်ပင်လျှင် စစ်အုပ်စု ကျဆုံးရေးကို မြန်ဆန်စေမည်ဖြစ်ကြောင်းနှင့် ယခုအခါ ၈.၈.၈၈ တုန်းကနှင့် မတူပဲ၊ မြန်မာပြည်သူများအတွက် လူထုခေါင်းဆောင်ရှိနေရုံသာမက ခိုင်မာအားကောင်းသည့် ပြည်တွင်းပြည်ပ အတိုက်အခံအင်အားစုများ၊ အတွေ့အကြုံရင့် ခေါင်းဆောင်လတ် ခေါင်းဆောင်ငယ်များရှိနေပြီဖြစ်၍ ဒုတိယ အကြိမ် လူထု အုံကြွမှုကြီးကို အောင်မြင်စွာ ဆင်နွှဲဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်ပါသည်။

ထို့အပြင်၊ ကမ္ဘာ့သမိုင်းကိုလေ့လာကြည့်လျှင် မည်မျှသက်ဆိုးရှည် အားကောင်းသည့် အာဏာရှင်စနစ်မျိုးမဆို ပြည်သူများက ဖွဲ့လုံးလဂီရိယနှင့် ညီညီညွတ်ညွတ် တွန်းလှန်ကြလျှင် အဆုံးတနေ့ ဇီဂိန်ချုပ် ကျဆုံးရကြောင်းကို တွေ့ရမည်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ယနေ့ကျရောက်သော (၂၂) နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ပြည်တွင်းပြည်ပရောက် မြန်မာနိုင်ငံသားအားလုံးက မြန်မာ့ဒီမိုကရေစီနှင့် ဒုတိယ လွတ်လပ်ရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုကို ခံယူလျှက် ဒီမိုကရေစီ အဆုံးသတ်တိုက်ပွဲကြီးကို ဆင်နွဲ ဖို့ အဓိဌာန် ပြုကြပါစို့လို့ နှိုးဆော်လိုက်ပါသည်။

## ဂျပန်ရောက် မြန်မာဒီမိုကရေစီ အင်အားစုများ။